Funded by: UKaid

Towards Results in Education & English

# အားလုံးအကျုံးဝင်သင်ကြားရေးအလေ့အကျင့်

## သင်တန်းသားစာအုပ်



Source: VSO Image library

# သင်ရိုးပိုင်း ၁၀

# အားလုံးအကျုံးဝင်မှုဆိုင်ရာ

# မြန်မာဥပဒေအညွှန်းဘောင်နှင့်မူဝါဒ

Implemented by: British Council, The Open University, VSO, montrose

# သင်ရိုးပိုင်း ၁၀။ အားလုံးအကျုံးဝင်မှုဆိုင်ရာ မြန်မာဥပဒေ အညွှန်းဘောင်နှင့်မူဝါဒ

## ခြုံငုံသုံးသပ်ချက်

အပြုသဘောဆောင်ကာ သင်ယူသူအားလုံးအကျုံးဝင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ်ကို သင်ယူသူအားလုံးအတွက် မည်သို့ဖန်တီးနိုင်ကြောင်း ကြည့်ရှုလေ့လာသည့် **သင်ရိုးပိုင်း ၁၅ ခုမှ ဒသမ**ပိုင်း ဖြစ်ပါသည်။ သင်ယူသူအားလုံးအကျုံးဝင်သည့် သင်ကြားရေး အလေ့အကျင့်များသည် ၂၁ ရာစု ကျွမ်းကျင်မှုများဖြစ်သည့် ဝေဖန်ပိုင်းခြားတွေးခေါ်မှု၊ ဆက်သွယ်ရေး၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ဖန်တီးနိုင်စွမ်းတို့ကို မည်ကဲ့သို့ အားပေး၊ ပျိုးထောင်၊ အသုံးပြုမည်ဖြစ်ကြောင်း တွေ့ရှိနိုင်ပါမည်။ ဤသင်ရိုးပိုင်းများသည် မြန်မာနိုင်ငံရှိ ပညာသင်ကြားသူများနှင့် ပညာရေးကိုလေ့လာသင်ယူနေသူများအတွက် ဖြစ်ပါသည်။ ကျောင်းသူကျောင်းသားနှင့် သင်ယူသူဟူသော ဝေါဟာရများကို သင်ရိုးပိုင်းတစ်လျှောက် လဲလှယ်သုံးစွဲသွားပါမည်။

| သင်ရိုးပိုင်း အမှတ် | သင်ရိုးပိုင်းခေါင်းစဉ် |
|---|---|
| ၁ | အားလုံးအကျုံးဝင်သည့် ကျောင်း၊ စာသင်ခန်းနှင့် ဆရာ/မဟူသည် အဘယ်နည်း |
| ၂ | သင်ယူသူများကိုသိရှိခြင်း |
| ၃ | အားလုံးအတွက် သင်ယူမှုရလဒ်များကို စီစဉ်ရေးဆွဲခြင်း |
| ၄ | သင်ယူသူဗဟိုပြုချဉ်းကပ်နည်းများဖြင့် ပါဝင်ခြင်း |
| ၅ | အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ်ဖန်တီးခြင်း |
| ၆ | ထိရောက်စွာ မေးခွန်းမေးခြင်းနှင့် တုံ့ပြန်ဖြေကြားခြင်း |
| ၇ | တက်ကြွစွာပါဝင်ခြင်း |
| ၈ | အချင်းချင်း၊ ပူးတွဲ၊ ပူးပေါင်း သင်ယူခြင်း |
| ၉ | ကျောင်းသူကျောင်းသားတို့၏ စိတ်ခံစားချက်နှင့်လူမှုရေး သုခကို ပံ့ပိုးပေးခြင်း |
| **၁၀** | **အားလုံးအကျုံးဝင်မှုဆိုင်ရာ မြန်မာဥပဒေအညွှန်းဘောင်နှင့် မူဝါဒများကိုနားလည်ခြင်း** |
| ၁၁ | တစ်ဦးချင်းစီ၏လိုအပ်ချက်များကို ဖြည့်ဆည်းခြင်းဖြင့် ကျောင်းသူကျောင်းသားအားလုံးကို ပံ့ပိုးခြင်း |
| ၁၂ | ကျောင်းသူကျောင်းသားတို့ တွေ့ကြုံရသည့်အခက်အခဲများကို တိတိကျကျဖော်ထုတ်ခြင်း |
| ၁၃ | ကွဲပြားခြားနားမှုများရှိသော၊ မသန်စွမ်းသော သင်ယူသူများအားလုံးကို ပံ့ပိုးခြင်း |
| ၁၄ | အပြုသဘောဆောင်သည့်အမူအကျင့်ဖြစ်ထွန်းလာစေရန် ဆောင်ရွက်ခြင်း |
| ၁၅ | ကျောင်းသူကျောင်းသားများ သင်ယူမှု ပေါက်မြောက်ရေးအတွက် စစ်ဆေးအကဲဖြတ်ခြင်း |


အားလုံးအကျုံးဝင်မှုဆိုင်ရာ မြန်မာဥပဒေအညွှန်းဘောင်နှင့် မူဝါဒအကြောင်း၊ ၎င်းတို့သည် မိမိအား ဆရာ/မတစ်ဦးအနေဖြင့် မည်သို့သက်ရောက်မည်ဖြစ်ကြောင်း နားလည်စေရန် ဤသင်ရိုးပိုင်းက အထောက်အကူပြုပါမည်။ ဥပဒေနှင့်မူဝါဒ ခြားနားပုံနှင့် သင့်အလေ့အကျင့်နှင့် ဆက်စပ်ပုံကိုလည်း ဖော်ပြထားပါသည်။ နိုင်ငံတကာနှင့်နိုင်ငံတွင်း ဥပဒေများ မူဝါဒများ ဇာတ်မြစ်နှင့် မိမိ၏အတန်းတွင်းသင်ကြားရေးအပေါ် သက်ရောက်ပုံကို စူးစမ်းထားပါသည်။

သင်၏ပြန်လည်သုံးသပ်ချက်များကို သင်ယူမှုဂျာနယ်တွင် မှတ်တမ်းတင်စေမည် ဖြစ်သောကြောင့် မှတ်စုကောင်းကောင်းရေးပြီး မိမိ၏ လက်ရှိနှင့်အနာဂတ်အလေ့အကျင့်အကြောင်း စေ့စေ့စပ်စပ်၊ နက်နက်နဲနဲ တွေးတောရန် အရေးကြီးပါသည်။ ဤ CPD သင်ရိုးပိုင်းသည် သင်နှင့်သင့်လုပ်ဖော်ကိုင်ဖက်တို့အကြား လုပ်ငန်းတူအဖွဲ့များ ဖော်ဆောင်ရန်လည်း အားပေးပါသည်။ ဤနည်းအားဖြင့် သင်ကြားရေးတွင် အားလုံးအကျုံးဝင်အလေ့အကျင့်များ ပံ့ပိုးချဲ့ထွင်အသုံးပြုနိုင်ပြီး ဆရာအတတ်သင် ကျောင်းသူကျောင်းသားများကလည်း အားလုံးအကျုံးဝင်မှုကိုသင်ကြားရေးနှင့်အနာဂတ်လုပ်ငန်းခွင်အတွက် ဆင့်ပိုးတည်ဆောက်နိုင်ပါမည်။

## သင်ယူမှုဂျာနယ်

သင်ရိုးပိုင်းတစ်လျှောက် မိမိ၏ ပြန်လည်သုံးသပ်ချက်များကို သင်ယူမှုဂျာနယ်အတွင်း ရေးမှတ်ထားလျှင် အသုံးဝင်နိုင်ပါသည်။

သင်ယူမှုဂျာနယ်သည် ဒစ်ဂျစ်တယ် (ဥပမာ Word သို့ Google Docs)သော်လည်းကောင်း၊ စာရွက်အပေါ်သော်လည်းကောင်း ဖြစ်နိုင်ပါသည်။ မိမိအတွေးများကိုသူတစ်ပါးနှင့်ဝေမျှလိုလျှင် ဂျာနယ်စာမျက်နှာများကိုဓာတ်ပုံရိုက်နိုင်ပါသေးသည်။ စိတ်ကူးများ၊ အတွေးအမြင်များကို နောင်လုပ်ဆောင်ချက်များနှင့် မိမိ၏သင်ကြားရေးတွင် သုံးနိုင်သောကြောင့် မှတ်တမ်းတင်ထားရန် အရေးကြီးပါသည်။



အောက်ပါတို့သည် သင်ယူမှုဂျာနယ်ကောင်းတစ်ခုအတွက်အသုံးဝင်မည့် အကြံပြုချက်အချို့ဖြစ်ပါသည်။

- ဂျာနယ်တွင်းရေးသွင်းသမျှ ခေါင်းစဉ်နှင့် ရက်စွဲထည့်ပါ။
- လုပ်ဆောင်ချက်နှင့် ဆက်စပ်သည့် ဆင်ခြင်သုံးသပ်မှုများအတွက် သက်ဆိုင်ရာလုပ်ဆောင်ချက်နံပါတ်ကို သုံးပါ။ ဥပမာ လုပ်ဆောင်ချက် ၁.၁။
- အထောက်အကူဖြစ်သည့် အခြားမည်သည့် အရင်းအမြစ်ကိုမဆို ရည်ညွှန်းပါ။
- လုပ်ဆောင်ချက်အဖြေကို မှတ်သားပါ။
- မိမိ၏သင်ယူမှုအကြောင်း သုံးသပ်ချက်ရေးပါ။
- ဝေါဟာရအသစ်များကို ရေးမှတ်ပါ။
- ဆက်လက်လေ့လာလိုသော အကြောင်းအရာများကို ဖော်ထုတ်ပါ။

Source: Rose, N. (2018) Personal Learning Journals

မိမိသုံးဖို့လွယ်ကူရန်အရေးကြီးပါသည်။ အောက်ပါလွယ်လွယ်ရှင်းရှင်းမေးခွန်းများ ဖြေကြားသည့် မှတ်စုများရေးနိုင်သည်။

ဒီနေ့ဘာလေ့လာခဲ့သလဲ။

မိမိအလုပ်မှာ ဘယ်လိုသုံးနိုင်မလဲ။

လွယ်ကူသလား။ ခက်ခဲသလား။ ဘာကြောင့်လဲ။

မိမိ/မိမိကျောင်းသူ/သားများကို ဘယ်လိုကူညီနိုင်မလဲ။

ဒီခေါင်းစဉ်အကြောင်း ဘာလေ့လာဖို့ လိုသေးသလဲ။

ဤမေးခွန်းများသည် တစ်ကမ္ဘာလုံးတွင် အသုံးပြုသည့် သင်ယူ/အသုံးချ/သုံးသပ် (learn, apply, reflect) စံပြုပုံစံကို ကျင့်သုံးကြောင်း တွေ့နိုင်ပါသည်။ CPD ခရီးနှင်ရင်း ဂျာနယ်ကိုပြန်ကြည့်ပြီး တိုးတက်မှုကို ပြန်လည်သုံးသပ်နိုင်ပါသည်။


## လေ့လာနည်းအကြံပြုချက်

ယူနစ်တစ်ခုလုံး တစ်ကြိမ်တည်းအကုန်ပြီးအောင် လုပ်မည့်အစား လုပ်ဆောင်ချက်များကို အချိန်ယူလုပ်ပါ။ အချိန်ဇယား တစ်ခုဆွဲပြီး အချိန်တစ်ခုရွေးချယ်ကာ လုပ်ဆောင်ဖွယ်များလုပ်ပါ။ ထို့နောက် လုပ်ဖော်ကိုင်ဖက်များနှင့် အဖြေတိုက်ပြီး စစ်ဆေးပါ။ နောက်ဆုံး လုပ်ရင်းကိုင်ရင်း သင်ယူမှုဂျာနယ်တွင် မှတ်စုကို မှတ်မှတ်ရရရေးပါ။ ယူနစ်များပြီးအောင်လုပ်ရင်း မိမိတွင် ဖွံ့ဖြိုးလာသည့် ကျွမ်းကျင်မှုနှင့်အသိပညာများကို ပိုမိုမှတ်မိရန် အထောက်အကူပြုပါလိမ့်မည်။

## တစ်ဦးချင်း (သို့) လုပ်ငန်းဖော်များနှင့်လုပ်ကိုင်ခြင်း

ဤယူနစ်ကို ကိုယ်တိုင်လေ့လာနိုင်ရန် (သို့) ဆရာမှဦးဆောင်ရန်  ပုံစံချမှတ်ထားပါသည်။ အဖြေကို လုပ်ဆောင်ချက် အဆုံးတွင် တွေ့နိုင်ပါသည်။ သို့ရာတွင် အတွေးအမြင်နှီးနှောရန်၊ မေးခွန်းမေးရန်၊ မိမိလုပ်ထားသည်ကိုစစ်ဆေးရန်နှင့် သုံးသပ်ချက်ပေးရန် ဖြစ်နိုင်လျှင် **နှစ်ယောက်တွဲ သို့မဟုတ် အုပ်စုဖွဲ့**လုပ်ဆောင်ရန် အကြံပြုအပ်ပါသည်။

အုပ်စုဖွဲ့လုပ်ဆောင်လျှင် '**Think, pair, share**'နည်းကို သုံးရန်အကြံပြုအပ်ပါသည်။




တစ်ဦးချင်း မိမိအတွေးအမြင်များကို မှတ်စုတိုရေးပါ။

အတန်းဖော်တစ်ဦးနှင့် အဖြေတိုက်ပါ။

မိမိအတွေးအမြင်များကို အုပ်စုဖွဲ့ ဆွေးနွေးကာ နောက်စာမျက်နှာတွင် အဖြေ အတူတူတိုက်ကြရန်။

## သင်ရိုးပိုင်း ၁၀ သင်ယူမှုရလဒ်များ

**ဤသင်ရိုးပိုင်းကိုလေ့လာခြင်းဖြင့် အောက်ပါတို့ကို သင် လုပ်ဆောင်နိုင်ပါမည်။**

**၁. မြန်မာနိုင်ငံတွင် အားလုံးအကျုံးဝင်ပညာရေး ဖြစ်ထွန်းလာစေရန် ပံ့ပိုးနိုင်မည့် မူဝါဒနှင့် ဥပဒေများကို ဖော်ထုတ်ခြင်း**

**၂. မြန်မာနိုင်ငံအတွက် အားလုံးအကျုံးဝင်ပညာရေးနှင့်စပ်လျဉ်း၍ နိုင်ငံတကာနှင့်နိုင်ငံတွင်းမူဝါဒများမှ ဆီလျော်သည့်ကဏ္ဍများ အကျဉ်းချုပ်တင်ပြခြင်း**

**၃. ဆရာ/မတစ်ဦး၏လုပ်ငန်းသည် မူဝါဒများ၊ ဥပဒေများရှိ ကဏ္ဍများနှင့် ဆက်စပ်ပုံကိုအနှစ်ချုပ်တင်ပြခြင်း**

## ၁. နိဒါန်း

ယခင်သင်ရိုးပိုင်းတွင် ကျောင်းသူကျောင်းသားများ၏ စိတ်ခံစားချက်နှင့်လူမှုရေးဆိုင်ရာသုခကို ဖေးမပံ့ပိုးပေးမည့် အသိသညာကို မိတ်ဆက်ခဲ့ပြီ။ အခက်ကြုံနေရသော ကျောင်းသူကျောင်းသားများကို ဆရာ/မတစ်ဦးအနေဖြင့် မည်ကဲ့သို့ ရှေ့ဆောင်လမ်းပြ၊ ပံ့ပိုးမှုပြုနိုင်ကြောင်း စဉ်းစားခဲ့ပါသည်။ ခဲရာခဲဆစ် အခြေအနေများ၌ပင် စိတ်ပူပန်မှု၊ စိတ်ဖိစီးမှုဒဏ်ကို ခံနိုင်ရည်ရှိစေခြင်းဖြင့် ကျောင်းသူကျောင်းသားများ၏ဘဝပိုမို ကျန်းမာပျော်ရွှင်စေကာ ပိုမိုစိတ်အားတက်ကြွပြီး ချိန်ခွင်လျှာမျှစေနိုင်လျက် အခြားသူများကိုလည်း ကူညီစေနိုင်ပါမည်။ မှာ့စလိုး၏ *လိုအပ်ချက်အဆင့်ဆင့်ပြဇယား*က သင့်ကျောင်းသူကျောင်းသားများ ကျောင်းတက်နိုင်ရန်၊ ပါဝင်သင်ယူနိုင်ရန်နှင့် မိမိစာသင်ခန်းအတွင်း အောင်မြင်မှုရစေရန် လူမှုရေးနှင့်စိတ်ခံစားမှုဆိုင်ရာသုခ ပဓာနကျကြောင်း ဖော်ပြပါသည်။

အားလုံးအကျုံးဝင်ပညာရေးဆိုင်ရာ မူဝါဒနှင့် ဥပဒေများ နိုင်ငံတကာတွင် စတင်ဖော်ဆောင်ပုံ၊ စာသင်ခန်းအတွင်း ဆရာ/မနှင့် မိမိတို့ကျောင်းသူ/သားများကို သက်ရောက်ပုံတို့ကို ဤသင်ရိုးပိုင်းတွင် စူးစမ်းထားပါသည်။

အောက်ပါတို့ကိုလုပ်ဆောင်စေပါမည်-

- ✓ အားလုံးအကျုံးဝင်မှုဆိုင်ရာ နိုင်ငံတကာနှင့်နိုင်ငံတွင်း ဥပဒေ၊ မူဝါဒအကြောင်းဖတ်ရှုခြင်း
- ✓ မူဝါဒ၊ ဥပဒေနှင့် မိမိအလေ့အကျင့်အကြား ချိတ်ဆက်ခြင်း
- ✓ ဗီဒီယိုကြည့်ပြီး ခွဲခြမ်းစိတ်ဖြာသုံးသပ်ပေးခြင်း
- ✓ လုပ်ဆောင်ချက်များကို တစ်ဦးချင်း၊ နှစ်ယောက်တွဲနှင့် အုပ်စုငယ်ဖွဲ့ လုပ်ဆောင်ခြင်း
- ✓ အဓိကမေးခွန်းများကို စဉ်းစားခြင်း
- ✓ မိမိအတွေ့အကြုံနှင့်အသိပညာကို ပြန်လည်သုံးသပ်ခြင်း
- ✓ တပည့်များအား ကတိပေးခြင်း

ဤသင်ရိုးပိုင်း**ပြီးအောင်လုပ်ရန် ၅ နာရီခန့်** ကြာမြင့်ပါမည်။ ပျော်ရွှင်ဖွယ်သင်ကြားရေးအတွေ့အကြုံဖြစ်စေရန် မျှော်လင့်ပါသည်။

## သင်္ကေတအညွှန်း

| | |
|---|---|
| A | **လုပ်ဆောင်ချက် (Activity) – ပြီးအောင်လုပ်ရမည့်အလုပ်ဖြစ်သည်** |
| Q | **မေးခွန်း (Question/s)** – မေးခွန်းများဖြေဆိုပါ |
| R | **ပြန်လည်သုံးသပ်ချက် (Reflection)** – မိမိမည်သို့ခံစားရကြောင်း စေ့စေ့စပ်စပ်တွေးပါ |
| LJ | **သင်ယူမှုဂျာနယ် (Learning Journal) –** သင့်အဖြေကို သင်ယူမှုဂျာနယ်တွင်ရေးပါ |
|  | **ဖတ်ပါ (Read) –** ပေးထားသည့်စာကိုဖတ်ပါ။ မှတ်စုရေးလိုကရေးပါ။ |

## လုပ်ဆောင်ချက် ၁၀.၁ မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်း

ပြန်လည်သုံးသပ်ချက် - **မိမိစာသင်ခန်း/ကျောင်းအတွင်း အားလုံးအကျုံးဝင်အလေ့အကျင့်အပေါ် သက်ရောက်သည့် နိုင်ငံတကာနှင့်နိုင်ငံတွင်း ဥပဒေနှင့် မူဝါဒများအကြောင်း မည်မျှကောင်းကောင်း သိနားလည်သည်ဟုထင်ပါသနည်း။**

အောက်ပါစကေးမှ မိမိကို အကောင်းဆုံးဖော်ပြသည့် ကိန်းဂဏန်းတစ်ခုကိုရွေးပါ။ သင်ယူမှုဒဂျာနယ်တွင်ဖြေဆိုပါ။




သင်ရိုးပိုင်းအဆုံးတွင် ထပ်မံလုပ်ဆောင်ရပါမည်။

## ၁.၁ ယခင်သင်ယူမှုနှင့် ချိတ်ဆက်ခြင်း - သင်ရိုးပိုင်း ၉ (ကျောင်းသူကျောင်းသားများ၏စိတ်ခံစားချက်နှင့် လူမှုဆိုင်ရာ သုခကို ပံ့ပိုးပေးခြင်း)

သင်ရိုးပိုင်း ၉ ကိုပြန်တွေးပါ။

**မိမိကိုယ်တိုင်သော်လည်းကောင်း သင်ယူသူများအပေါ်ကိုလည်းကောင်း သက်ရောက်သည့် လူမှုနှင့် စိတ်ခံစားမှုဆိုင်ရာ** အခြေအနေများ ရနိုင်သလောက် စိတ်ကူးပြမြေပုံတွင်း ဖြည့်ပေးပါ။

မှတ်ချက် - ယခင်မှတ်စုများပြန်မကြည့်ဘဲ ဖြည့်ပါ။ မဖြေနိုင်လျှင် သင်ရိုးပိုင်း ၉ စာအုပ်ကိုပြန်ကြည့်ပါ။

ဥပမာတစ်ခုနှင့် သဲလွန်စအချို့ကိုအောက်ပါအတိုင်းပေးထားပါသည်။




Adapted image sources: [https://pixabay.com/images/search/burma/?pagi=2&](https://pixabay.com/images/search/burma/?pagi=2&) (free)




https://freesvg.org/native-myanmar-man (free)



https://pixabay.com/vectors/myanmar-burma-teachers-education (free)

### ၁.၂ အဖြေ - လူမှုရေးနှင့်စိတ်ခံစားမှုသာစေမာစေရေးအပေါ်သက်ရောက်သည့်အခြင်းအရာများ

အဖြေဘယ်လောက်မှန်ကြောင်း စစ်ဆေးပါ။ ကွဲပြားသည့်အဖြေများ ရှိပါသလား။

- မိသားစုဖွဲ့စည်းပုံ
- မိသားစုရာဇဝင်
- မိသားစုအတွင်းမကြာသေးမီကပြောင်းလဲမှု/ဆုံးရှုံးမှု
- သဘောထားနှင့် ကိုယ်ရည်ကိုယ်သွေး
- အစာရေစာရှားပါးမှု(သို့)ဆင်းရဲမှု
- အကြမ်းဖက်မှုကိုတွေ့ကြုံခြင်း
- အမြတ်ထုတ်ခြင်း
- ကျန်းမာရေးမကောင်းခြင်း
- ရပ်ရွာအတွင်းပဋိပက္ခ
- မိမိကိုယ်ကို တန်ဖိုးထားခြင်း

## ၂. မူဝါဒ၊ ဥပဒေနှင့် အလေ့အကျင့်

(မသန်စွမ်းသည့်ကလေးများအပါအဝင်) ကလေးအားလုံး အရည်အသွေးရှိသောပညာရေးကို အားလုံးအကျုံးဝင်သည့် အခင်းအကျင်းများတွင် သင်ယူပိုင်ခွင့်များအားချမှတ်ပေးသည့် ဥပဒေနှင့်မူဝါဒများရှိနေသည့် ဝန်းကျင်တစ်ရပ်ကိုဖန်တီးပေးမည့် စနစ်တစ်ခုလုံးကိုခြုံငုံသည့်ချဉ်းကပ်မှုကို လိုအပ်ပါသည်။ အကောင်းဆုံးသင်ကြားရေး အလေ့အကျင့်အပါအဝင် မြန်မာနိုင်ငံတွင် အားလုံးအကျုံးဝင်ပညာရေးတစ်ရပ်ပေါ်ထွန်းလာစေရေး ပံ့ပိုးပေးနိုင်မည့်သက်ဆိုင်ရာ နိုင်ငံတကာနှင့်နိုင်ငံတွင်း ဥပဒေများကို ဆရာ/မတို့ နားလည်ထားရန် အရေးကြီးပါသည်။

## ၂.၁ မူဝါဒ၊ ဥပဒေနှင့်အလေ့အကျင့်အကြား ခြားနားချက်များ

**လုပ်ဆောင်ချက် ၁၀.၂ - မူဝါဒ၊ ဥပဒေနှင့်အလေ့အကျင့်အကြား မည်သည့်ခြားနားချက်များရှိပါသနည်း။ (၅-မိနစ်)**

မူဝါဒ၊ ဥပဒေနှင့်အလေ့အကျင့်ဟူသော စကားလုံးများကို မှန်ကန်သည့်ဖွင့်ဆိုချက်များနှင့် တွဲပေးပါ။ မျဉ်းဆွဲပြီး ဆက်သွယ်ခြင်း၊ ကိန်းဂဏန်းနှင့်စကားလုံးမှန်အောင်တွဲပေးခြင်းများ လုပ်ဆောင်နိုင်ပါသည်။ ဥပမာ - 1-A.

| | | ဖွင့်ဆိုချက် |
|---|---|---|
| ၁ | မူဝါဒ | က - မူဝါဒများကို အကောင်အထည်ဖော်နိုင်ရန် ဥပဒေအညွှန်းဘောင်များကို ချမှတ်ပေးပါသည်။ |
| ၂ | ဥပဒေ | ခ - ဥပဒေနှင့်အညီ မူဝါဒကို လက်တွေ့ကျင့်သုံးခြင်းဖြစ်ပါသည်။ |
| ၃ | အလေ့အကျင့် | ဂ - တစ်ဦးတစ်ယောက် (သို့) တစ်ဖွဲ့ (ဥပမာ အစိုးရ)၏ ရည်ရွယ်ချက်ကို ဖော်ပြသည်။ ထိုလူပုဂ္ဂိုလ်(သို့)အဖွဲ့အစည်းက လုပ်ဆောင်ရန် ရည်ရွယ်သည်တို့ကို ဖော်ပြသည်။ |

**အားလုံးအကျုံးဝင်ပညာရေးအခင်းအကျင်းအတွက် မူဝါဒ၊ ဥပဒေနှင့်အလေ့အကျင့်ဆက်နွယ်ပုံဥပမာများ**

က) အခြေခံပညာရေးအတွက်အစိုးရ**မူဝါဒ**မှာ **သင်ရိုးညွှန်းတမ်းသစ် ဖော်ဆောင်ရန်**ဖြစ်သည်။

ခ) **ကလေးအားလုံးအတွက် အခြေခံပညာရေး အခမဲ့**ဖြစ်စေရန် အစိုးရက **ဥပဒေ**ပြဋ္ဌာန်းသည်။

ဂ) **အလေ့အကျင့်**မှာ **သင်ရိုးညွှန်းတမ်းအသစ်အတွက် ဆရာ/မများကိုသင်တန်းပေးရန်**ဖြစ်သည်။

**လုပ်ဆောင်ချက် ၁၀.၂ အဖြေ - မူဝါဒ၊ ဥပဒေနှင့်အလေ့အကျင့်အကြား မည်သည့်ခြားနားချက်များရှိပါသနည်း။**

၁ ဂ **မူဝါဒတစ်ရပ်**သည် တစ်ဦးတစ်ယောက် (သို့) တစ်ဖွဲ့ (ဥပမာ အစိုးရ)၏ ရည်ရွယ်ချက်ကို ဖော်ပြသည်။ ထိုလူပုဂ္ဂိုလ်(သို့)အဖွဲ့အစည်းက လုပ်ဆောင်ရန် ရည်ရွယ်သည်တို့ကို ဖော်ပြသည်။

၂ က **ဥပဒေ**သည် မူဝါဒများကို အကောင်အထည်ဖော်နိုင်ရန် ဥပဒေအညွှန်းဘောင်များကို ချမှတ်ပေးပါသည်။

၃ ခ **အလေ့အကျင့်**သည် ဥပဒေနှင့်အညီ မူဝါဒကို လက်တွေ့ကျင့်သုံးခြင်းဖြစ်ပါသည်။

## လုပ်ဆောင်ချက် ၁၀.၃ - မူဝါဒ၊ ဥပဒေနှင့်အလေ့အကျင့် (၁၅ မိနစ်)

မည်သူကမူဝါဒချမှတ်ကာ၊ မည်သူကဥပဒေပြုပြီး မည်သူက လေ့ကျင့်ကြောင်းဆုံးဖြတ်ပါ။ အသင့်တော်ဆုံးကော်လံတွင် အမှန် (✓) ခြစ်ပါ။ **သဲလွန်စ** - အချို့အဖွဲ့အစည်းများက တစ်ခုထက်ပိုလုပ်နိုင်ပါသည်။

| **အဖွဲ့အစည်း** | **✓ မူဝါဒ** | **✓ ဥပဒေ** | **✓ အလေ့အကျင့်** |
|---|---|---|---|
| က) ဆရာအတတ်သင်ကျောင်းများ | | | |
| ခ) စာသင်ကျောင်းများ | | | |
| ဂ) နိုင်ငံအဆင့်အာဏာပိုင်များ | | | |
| ဃ) ဒေသအဆင့်အာဏာပိုင်များ | | | |
| င) ကုလသမဂ္ဂသဘောတူညီချက်များ | | | |
| စ) နိုင်ငံအဆင့်ပညာရေးအာဏာပိုင်များ | | | |
| ဆ) ဒေသခံ ပညာရေးရုံးများ | | | |
| ဇ) နိုင်ငံအဆင့်ကျန်းမာရေးအာဏာပိုင်များ | | | |

**လုပ်လိုကဆက်လုပ်ရန် -**

ထိုအဖွဲ့အစည်းများကို ဇယားအဖြစ်(ပုံအသွင်) ထိပ်တန်း(နိုင်ငံတကာ)အဆင့်မှ အောက်ခြေ(ဒေသခံ)အဆင့်တိုင် ဆက်နွယ်ပြီး ထည့်သွင်းပါ။

## လုပ်ဆောင်ချက် ၁၀.၃ အဖြေ - မူဝါဒ၊ ဥပဒေနှင့်အလေ့အကျင့်

| **အဖွဲ့အစည်း** | ✓ **မူဝါဒ** | ✓ **ဥပဒေ** | ✓ **အလေ့အကျင့်** |
|---|---|---|---|
| **က)** ဆရာအတတ်သင်ကျောင်းများ | | | |
| **ခ)** စာသင်ကျောင်းများ | | | |
| **ဂ)** နိုင်ငံအဆင့်အာဏာပိုင်များ | | | |
| **ဃ)** ဒေသအဆင့်အာဏာပိုင်များ | | | |
| င)ကုလသမဂ္ဂသဘောတူညီချက် | | | |
| စ) နိုင်ငံအဆင့်ပညာရေးအာဏာပိုင်များ | | | |
| ဆ) ဒေသခံ ပညာရေးရုံးများ | | | |
| ဇ) နိုင်ငံအဆင့်ကျန်းမာရေးအာဏာပိုင်များ | | | |

**ဆက်လက်လုပ်ဆောင်မှုအဖြေ** – နိုင်ငံတကာမှ ဒေသအဆင့်သို့

| | |
|---|---|
| နိုင်ငံတကာ<br><br>ဒေသတွင်း | ကုလသမဂ္ဂသဘောတူညီချက်<br>နိုင်ငံအဆင့်အာဏာပိုင်များ<br>နိုင်ငံအဆင့်ပညာရေးအာဏာပိုင်များ<br>နိုင်ငံအဆင့်ကျန်းမာရေးအာဏာပိုင်များ<br>ဒေသအဆင့်အာဏာပိုင်များ<br>ဒေသခံပညာရေးရုံးများ<br>ဆရာအတတ်သင်ကျောင်းများ<br>စာသင်ကျောင်းများ |

**မှတ်ချက် -** တိုင်းရင်းသားပညာရေးအဖွဲ့အစည်းအချို့သည် မူဝါဒများကို ကိုယ်တိုင်ရေးဆွဲကြပါလိမ့်မည်။

# ၃. အားလုံးအကျုံးဝင်ပညာရေးမူဝါဒ (နိုင်ငံတကာ)



Image Source: https://www.google.com/search?q=world&tbm (free)

အားလုံးအကျုံးဝင်ပညာရေးအတွက် **ကုလသမဂ္ဂသဘောတူညီချက်**ကို **မြန်မာအစိုးရ**က ထောက်ခံထားပြီး သဘောတူညီချက်သုံးခုကို တရားဝင် သဘောတူထားပါသည်။ ထိုသို့သဘောတူညီ လက်မှတ်ရေးထိုးထားသည့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၃ နိုင်ငံအနက် မြန်မာနိုင်ငံလည်း ပါဝင် ပါသည်။ အားလုံးအကျုံးဝင်ပညာရေးသည် ကမ္ဘာတစ်ဝန်းလုံးအတွက် ပန်းတိုင်ဖြစ်ပါသည်။

၁. စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက် ပန်းတိုင် (Sustainable Development Goal ) ၄ - အရည်အသွေးရှိ ပညာရေး

၂. မသန်စွမ်းသူများအခွင့်အရေးသဘောတူညီချက် - နှစ်ပိုင်းရှိပါသည်။

- က. ပထမပိုင်း - ၂၀၁၁ မှစ၍
- ခ. ဒုတိယပိုင်း - ၂၀၁၆ မှစ၍

၃. ကလေးသူငယ်အခွင့်အရေး (Convention on the Rights of the Child/CRC)

## လုပ်ဆောင်ချက် ၁၀.၄ - အားလုံးအကျုံးဝင်ပညာရေးမူဝါဒ (နိုင်ငံတကာ) (၄၀ မိနစ်)

၁. စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင် (SDG) ၄ အောက်ပါမှတ်တမ်းကို (အင်္ဂလိပ် သို့မဟုတ် မြန်မာမူဖြင့်)**အမြန်ဖတ်**ပြီး မိမိ၏ဆရာအတတ်သင် ဆရာ/မဘဝနှင့် မည်ကဲ့သို့ ဆက်နွယ်ကြောင်း စဉ်းစားပါ။

မျှော်မှန်း ရည်မှန်းချက် တစ်ခုစီအတွက် **ခေါင်းစဉ်များကိုမှတ်သားပါ - (၄.၁ - ၄.၇)** ဥပမာ SDG ၄.၁ = မူလတန်းနှင့် အလယ်တန်း အခမဲ့ပညာရေး




Source: https://www.google.com/search?q=SDGs&tbm (free)

'UN ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက် ပန်းတိုင်' (SDG) ၄ - ၄.၅

အင်္ဂလိပ်မူ

https://sdg4education2030.org/the-goal

မြန်မာမူ

https://www.mm.undp.org/content/myanmar/my/home/sustainable-development-goals/goal-4-quality-education.html

### လုပ်ဆောင်ချက် ၁၀.၄ အဖြေ - ဆွေးနွေးချက်

စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက် ပန်းတိုင် (SDG) ၄ မျှော်မှန်း ရည်မှန်းချက်များ

၄.၁ - အခမဲ့မူလတန်းနှင့်အလယ်တန်းပညာရေး

၄.၂ - အရည်အသွေးပြည့်ဝသည့် မူလတန်းကြိုပညာရေးကို တန်းတူတက်ရောက်နိုင်မှု

၄.၃ - တန်ဖိုးနည်း စက်မှု၊ အသက်မွေးနှင့်အဆင့်မြင့်ပညာရေးကို တန်းတူတက်ရောက်နိုင်မှု

၄.၄ - ငွေကြေးအရအောင်မြင်စေရန် ဆီလျော်သည့်ကျွမ်းကျင်မှုရှိသူ အရေအတွက် တိုးတက်မှု

**၄.၅ - ပညာရေးတွင်ခွဲခြားဆက်ဆံမှုအားလုံး ပပျောက်ရေး**

၄.၆ - အားလုံးစာတတ်မြောက်ရေး

၄.၇ - ရေရှည်တည်တံ့နိုင်မည့်ဖွံ့ဖြိုးရေးနှင့် ကမ္ဘာ့နိုင်ငံသားဘဝအတွက်ပညာရေး

**နောက်ဖတ်ရမည့်စာပိုဒ်မှ မျှော်မှန်း ရည်မှန်းချက်  အမှတ် ၄.၅ - ပညာရေးတွင် ခွဲခြားဆက်ဆံမှုအားလုံး ပပျောက်ရေးကို ဦးတည်စူးစိုက်ထားပါသည်။**

## စာဖတ်ရန်

(လုပ်ဆောင်ချက် ၁၀.၃ တွင် အကြမ်းဖတ်ပြီးဖြစ်သည့်) စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက် ပန်းတိုင် (SDG) ၄ - မျှော်မှန်း ရည်မှန်းချက် ၄.၅ မှ အောက်ပါ ကောက်နုတ်ချက်ကို **ဖတ်ပါ။**

စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက် ပန်းတိုင် (SDG) ၄၊ **မျှော်မှန်း ရည်မှန်းချက် ၄.၅** - ပညာရေးတွင် ခွဲခြားဆက်ဆံမှု အားလုံး ပပျောက်ရေး

| | |
|---|---|
| **SDG ၄ ၏ ရည်ရွယ်ချက်မှာ** | "အားလုံးအကျုံးဝင်ပြီး သာတူညီမျှရှိသည့် အရည်အသွေးပြည့်ဝသော ပညာရေးကို ရရှိစေပြီး တစ်သက်တာပညာရေးအခွင့်အလမ်းများ အားလုံးအတွက် မြှင့်တင်ပေးရန်ဖြစ်ပါသည်" |
| **မျှော်မှန်း ရည်မှန်းချက် ၄.၅ ၏ ရည်ရွယ်ချက်မှာ** | "ပညာရေးတွင်ခွဲခြားဆက်ဆံမှုအားလုံး ပပျောက်ရန်ဖြစ်ပါသည်" |

၂၀၃၀ ခုနှစ်တွင် ပညာရေးတွင် ကျား/မအခြေပြု ကွာဟချက်များကို ပပျောက်စေပြီး ပညာရေးအဆင့်အားလုံးနှင့် အသက်မွေးဝမ်းကျောင်းပညာရေးကို မသန်စွမ်းသူများ၊ တိုင်းရင်းသားများ၊ ထိခိုက်လွယ်သောအခြေအနေများရှိ ကလေးများ အပါအဝင် ထိခိုက်လွယ်သူများ တန်းတူသင်ယူခွင့် ရရှိစေမည်ဖြစ်ပါသည်။

**၁.** အားလုံးအကျုံးဝင်မှုနှင့်တန်းတူညီမျှမှု - ကျား/မ၊ အသက်အရွယ်၊ လူမျိုး၊ အသားအရောင်၊ လူမျိုးစု၊ ဘာသာစကား၊ ကိုးကွယ်သည့်ဘာသာ၊ နိုင်ငံရေးစသည့်အမြင်၊ နိုင်ငံ(သို့)လူမှုရေးဇာစ်မြစ်၊ ပိုင်ဆိုင်မှု၊ မျိုးရိုးဇာတိမဟူ လူတိုင်းသော်လည်းကောင်း၊ မသန်စွမ်းသူ၊ ပြောင်းရွှေ့နေထိုင်သူ၊ ဌာနေတိုင်းရင်းသားများ၊ ကလေးနှင့်လူငယ်များ၊ အထူးသဖြင့် ထိခိုက်လွယ်သူများသော်လည်းကောင်း  အားလုံးအကျုံးဝင်၊ သာတူညီမျှမှုရှိသော၊ အရည်အသွေးပြည့်ဝသော ပညာရေးနှင့် တစ်သက်တာသင်ယူရန်အခွင့်အလမ်းများကို ရရှိစေပါမည်။ အထူးအာရုံစိုက်ပြီး လုပ်ဆောင်ပေးရမည့် ထိခိုက်လွယ်သည့်အုပ်စုများတွင် မသန်စွမ်းသူများ၊ ဌာနေတိုင်းရင်းသားများ၊ လူနည်းစုတိုင်းရင်းသားများနှင့် ဆင်းရဲနွမ်းပါးသူများ ပါဝင်ပါသည်။

**၂.** ကျား/မသာတူညီမျှမှု - မိန်းကလေး၊ ယောကျ်ားလေး၊ အမျိုးသမီး၊ အမျိုးသားများအားလုံး အရည်အသွေးပြည့်ဝသောပညာရေးကို သင်ယူနိုင်ရန်၊ ပညာရေးတွင် အဆင့်တူအောင်မြင်မှုရရှိရန်၊ တန်းတူညီမျှအကျိုးကျေးဇူးခံစားရန် အခွင့်အလမ်းများ တန်းတူရရှိသင့်ပါသည်။  ကျား/မအခြေပြု အကြမ်းဖက်မှု၊ အချိန်မတန်မီကိုယ်ဝန်ဆောင်မှု၊ အိမ်မှုကိစ္စများမြောင်မှုရှိသော ဆယ်ကျော်သက်မိန်းကလေးများနှင့် မိန်းမပျိုများ၊ အထူးသဖြင့် ဆင်းရဲနွမ်းပါးပြီး ဝေးလံသီခေါင်သည့် ကျေးလက်ဒေသတွင် နေထိုင်သူများကို အထူးအလေးထားရန် လိုအပ်ပါသည်။ အခွင့်မသာသည့် အခြေအနေများရှိ ယောကျ်ားလေးများအတွက်လည်း  ဦးတည်လုပ်ဆောင်ပေးသင့်ပါသည်။ ကျား/မ တန်းတူညီမျှမှုမရှိခြင်းကို ဖြေရှင်းပေးရန် ရည်သန်သည့် မူဝါဒများသည် ကျန်းမာရေး၊ တရားမျှတမှု၊ ကောင်းမွန်သောအုပ်ချုပ်မှု၊ ကလေးလုပ်သားခိုင်းစေခြင်းမှ ကင်းလွတ်မှုတို့ကို မြှင့်တင်အားပေးသည့် အလုံးစုံဆောင်ရွက်မှုတွင် ပါဝင်မှသာလျှင် ပိုမိုထိရောက်နိုင်ပါမည်။

## လုပ်ဆောင်ချက် ၁၀.၅ အားလုံးအကျုံးဝင်ပညာရေးမူဝါဒ(နိုင်ငံတကာ) - ကုလသမဂ္ဂ သဘောတူညီချက်များ (၄၀ မိနစ်)

**(သဘောတူညီမှု)မှတ်တမ်းနှစ်ခုမှ ကောက်နုတ်ချက်**များကိုဖတ်ရှုပြီး မိမိ၏ ဆရာအတတ်သင် ဆရာ/မဘဝနှင့် မည်သို့ ဆက်နွယ်ကြောင်း စဉ်းစားပါ။ မှတ်တမ်းအစအဆုံး<u>ဖတ်လိုလျှင်</u> အဖြူရောင်အကွက်များတွင်ပေးထားသည့် hyperlinksများကို သုံးပါ။

အောက်ပါအပိုင်း ၁-၂ ကိုဖတ်သည့်အခါ **အဓိကအချက်တစ်ချက်** (သို့မဟုတ် စကားစုတစ်စု)ကို ပေါ်လွင်အောင်ပြပါ။ နမူနာ တစ်ခုပေးထားပါသည်။

### ၁. ကလေးသူငယ်အခွင့်အရေး သဘောတူညီချက်

**အပိုင်း ၁၊ ပုဒ်မ ၂**

**(အပိုဒ် ၄၄အရ ၁၉၈၉ ခုနိုဝင်ဘာလတွင် အထွေထွေညီလာခံဆုံးဖြတ်ချက် ၄၄/၂၅အရ လက်မှတ်ရေးထိုး အတည်ပြုအကောင်အထည်ဖော်ရန်တင်ပြပြီး ၁၉၉၀ ခု စက်တင်ဘာလ(၂)ရက်တွင် အသက်ဝင်သည့်) ကလေးသူငယ်အခွင့်ရေး ကုလသမဂ္ဂ သဘောတူညီချက်**

အင်္ဂလိပ်မူ https://www.ohchr.org/en/professionalinterest/pages/crc.aspx

မြန်မာဘာသာမူအတွက် လင့်ခ် မရှိပါ။

*(က) သဘောတူညီချက်ကို လက်မှတ်ထိုးသည့်နိုင်ငံများသည် မိမိတို့တာဝန်ရှိရာ နယ်ပယ်များရှိ ကလေးသူငယ်များကို ၎င်းတို့မိဘအုပ်ထိန်းသူတို့၏ လူမျိုး၊ အသားအရောင်၊ ကျား/မ၊ ဘာသာစကား၊ ကိုးကွယ်သည့်ဘာသာ၊ နိုင်ငံရေးနှင့်အခြား အမြင်များ၊ နိုင်ငံ တိုင်းရင်းသားနှင့်လူမှုရေးဇာစ်မြစ်၊ ပိုင်ဆိုင်မှု၊ မသန်စွမ်းမှု၊ ဇာတိနှင့်အခြားအကြောင်းအရာများအရ ခွဲခြား ဆက်ဆံမှု မပြုဘဲ ၎င်းတို့၏အခွင့်အရေးများကို အလေးထားရမည်။

(ခ) သဘောတူညီချက်ကို လက်မှတ်ထိုးသည့်နိုင်ငံများသည် ကလေးတို့၏အဆင့်အတန်း၊ လုပ်ဆောင်ချက်၊ မိဘ တရားဝင် အုပ်ထိန်းသူ မိသားစုဝင်တို့ ထုတ်ဖော်လိုက်သည့်အမြင်၊ ယုံကြည်ချက်တို့အပေါ်အခြေပြုလျက် အလုံးစုံသော ခွဲခြားဆက်ဆံမှု၊ အပြစ်ပေးမှုတို့မှ ကင်းလွတ်စေရန် တတ်စွမ်းသ၍ ဆောင်ရွက်ပေးရမည်။

* တရားဝင်ဘာသာပြန်မဟုတ်ပါ။

### ၂. မသန်စွမ်းသူများ အခွင့်အရေး သဘောတူညီချက် - နှစ်ပိုင်းပါရှိပါသည်။

**၂၀၁၁ ခုနှစ်မှ ပထမပိုင်း**

**ကုလသမဂ္ဂ မသန်စွမ်းသူများ အခွင့်အရေးသဘောတူညီချက် (၂၀၁၁ တွင်လက်မှတ်ရေးထိုးသည်) အပိုင်း ၂၄ (အပြည့်အစုံ)**

အင်္ဂလိပ်မူ: https://www.un.org/development/desa/disabilities/convention-on-the-rights-of-persons-with-disabilities/article-24-education.html

မြန်မာဘာသာမူအတွက် လင့်ခ် မရှိပါ။

***အပိုင်း ၁ - အထက်ပါမှတ်တမ်းအပြည့်အစုံမှ ကောက်နုတ်ချက်အတိုများ**
**အခန်း ၂ - အခွင့်အရေးရရှိစေရာတွင် သဘောတူညီချက်ကို လက်မှတ်ထိုးသည့်နိုင်ငံများမှ လုပ်ဆောင်ရန်မှာ**

က) မသန်စွမ်းမှုကိုအကြောင်းပြု၍ မသန်စွမ်းသူများကို အထွေထွေပညာရေးစနစ်မှလည်းကောင်း၊ မသန်စွမ်းသည့်ကလေးများကိုလည်း အခမဲ့မသင်မနေရမူလတန်းပညာရေး(သို့)အလယ်တန်းပညာရေးတို့မှ မသန်စွမ်းမှုကိုအကြောင်းပြု၍ ဖဲကြဉ်မထားရန်

ခ) မိမိတို့နေထိုင်သည့်ရပ်ရွာမှ အခြားသူများနှင့်တန်းတူ အားလုံးအကျုံးဝင်၊ အခမဲ့၊ အရည်အသွေးပြည့်ဝသော မူလတန်း၊ အလယ်တန်းနှင့်အထက်တန်းပညာရေးတို့ကို မသန်စွမ်းသူများ တန်းတူတက်ရောက်နိုင်ရမည်။

ဂ) တစ်ဦးချင်းလိုအပ်ချက်ကိုသင့်တင့်လျောက်ပတ်စွာဖြည့်ဆည်းပေးရမည်။

ဃ) အထွေထွေပညာရေးစနစ်အတွင်း မသန်စွမ်းသူများသည် ၎င်းတို့၏ပညာရေးထိရောက်စေရန် လိုအပ်သည့်ပံ့ပိုးမှုများကို ရရှိရမည်။

င) အားလုံးအကျုံးဝင်မှု အပြည့်အဝရှိစေမည့် ပန်းတိုင်နှင့်လျော်ညီစွာ ပညာရေးနှင့်လူမှုရေး ဖွံ့ဖြိုးမှုကို အမြင့်မားဆုံးဖြစ်စေမည့် ဝန်းကျင်များတွင် တစ်ဦးချင်းနှင့်ကိုက်ညီသော ပံ့ပိုးမှုများကို ထိရောက်စွာ လုပ်ဆောင်ပေးရမည်။

***၂၀၁၆ ခုနှစ်မှ ဒုတိယပိုင်း**

**ကုလသမဂ္ဂမစွမ်းမသန်သူအခွင့်အရေးသဘောတူညီချက် - အထွေထွေမှတ်ချက် အမှတ် ၄ (၂၀၁၆)** အပိုဒ် ၂၄- အများကျုံးဝင်ပညာရေး **(အပြည့်အစုံ)**

အင်္ဂလိပ်မူ: https://www.right-to-education.org/sites/right-to-education.org/files/resourceattachments/CRPD_General_Comment_4_Inclusive_Education_2016_En.pdf

မြန်မာဘာသာမူအတွက် လင့်ခ် မရှိပါ။

***အပိုင်း ၂ - မှတ်တမ်းအပြည့်အစုံမှ ကောက်နုတ်ချက်အတို (၂၀၁၆)**
**မသန်စွမ်းသူများအား အားလုံးအကျုံးဝင်ပညာရေးကို မရရှိစေနိုင်သော အတားအဆီးများမှာ အောက်ပါအချက်များအပါအဝင် အကြောင်းအရာအဝဝကြောင့် ဖြစ်ပါသည်။**

က) တစ်သီးပုဂ္ဂလ ချွတ်ယွင်းချက်များထက် ရပ်ရွာနှင့် လူ့အဖွဲ့အစည်းအတွင်းရှိသည့် အတားအဆီးများကြောင့် မသန်စွမ်းသူများ ဖယ်ကြဉ်ခံထားရကြောင်းပြဆိုသည့် လူ့အခွင့်အရေးအခြေပြု မသန်စွမ်းမှုစံပြပုံစံများကို နားလည်ရန်နှင့် အကောင်အထည်ဖော်ရန် ပျက်ကွက်ခြင်း

ခ) မသန်စွမ်းသူများ ရေရှည်ထားရှိသည့်ရိပ်သာများတွင် နေထိုင်နေသူများကို သီးခြားထားမှု၊ သာမန်လူ့အဖွဲ့အစည်းရှိ မသန်စွမ်းသူများအပေါ် မျှော်လင့်ချက်နိမ့်ပါးမှုတို့ကြောင့် အစွဲများနှင့် ကြောက်ရွံ့မှုများတိုးပွားစေကာ မသန်စွမ်းသူများအပေါ် တစ်စိုက်မတ်မတ် ခွဲခြားဆက်ဆံခြင်း

ဂ) အားလုံးအတွက်သင်ယူမှုတွင် ပြိုင်ဆိုင်မှုအပါအဝင် အားလုံးအကျုံးဝင်သော၊ အရည်အသွေးပြည့်ဝသောပညာရေး၏ သဘောသဘာဝနှင့် မတူကွဲပြားမှု၏အားသာချက်အကြောင်း ဗဟုသုတမရှိခြင်း၊ မိဘများအားလုံးထံ ဆက်သွယ်မှုနှင့်

လိုအပ်ချက်များကို သင့်လျော်စွာပံ့ပိုးမှုတို့ကင်းမဲ့ခြင်းကြောင့် အားလုံးအကျုံးဝင်ပညာရေးသည် အရည်အသွေးကို ကျစေမည်၊ သူတစ်ပါးအပေါ် ဆိုးကျိုးဖြစ်စေမည်ဟူ၍ လွဲမှားသည့်ကြောက်ရွံ့မှု၊ ပုံသေကားကျသတ်မှတ်မှုတို့ ဖြစ်လာခြင်း

ဃ) တာဝန်ခံမှုနှင့် လုပ်ငန်းအစီအစဉ်ဖွံ့ဖြိုးမှုအတွက် လိုအပ်သည့် (ကျား/မ၊ ဒေသစသဖြင့်)ခွဲခြားထားသော အချက်အလက်များနှင့် သုတေသန ကင်းမဲ့သဖြင့် အားလုံးအကျုံးဝင်သော၊ အရည်အသွေးပြည့်ဝသော ပညာရေးကို အားပေးနိုင်မည့် ထိရောက်သော မူဝါဒနှင့်စွမ်းဆောင်ချက်များ ဖော်ဆောင်မှုကို အဟန့်အတားဖြစ်စေခြင်း

င) အစိုးရများ၏လိုလားမှုသည်လည်းကောင်း၊ နည်းပညာကိုသိရှိမှုသည်လည်းကောင်း၊ သင်ကြားရေးဝန်ထမ်းအားလုံးကို လုံလုံလောက်လောက် ပညာပေးမှု အပါအဝင် အားလုံးအကျုံးဝင်ပညာရေးအတွက်အခွင့်အရေးကို ဖော်ဆောင်ရန်စွမ်းရည် သည်လည်းကောင်း ကင်းမဲ့မှု

စ) မသန်စွမ်းသည့်ကျောင်းသူ/သားများအား ဆွဲဆောင်ရန်နှင့် သင့်တင့်လျောက်ပတ်သည့်နေရာထိုင်ခင်းပေးရာတွင် လည်းကောင်း၊ ဝန်ကြီးဌာနအချင်းချင်း ညှိနှိုင်းရာတွင်လည်းကောင်း၊ ပံ့ပိုးမှုနှင့်ရေရှည်တည်တံ့မှုအတွက်လည်းကောင်း ရန်ပုံငွေ ထောက်ပံ့သည့် လုပ်ထုံးလုပ်နည်းများသည် သင့်တော်မှုနှင့်လုံလောက်မှုမရှိခြင်း

ဆ) ကျူးလွန်မှုများကို တုံ့ပြန်အရေးယူနိုင်မည့် တရားဥပဒေနည်းလမ်းဖြင့်ကုစားမှုနှင့်လုပ်ထုံးလုပ်နည်းများ မရှိခြင်း

* တရားဝင်ဘာသာပြန်မဟုတ်ပါ။

## လုပ်ဆောင်ချက် ၁၀.၅ - ကုလသမဂ္ဂသဘောတူညီမှု (၂၀၁၁နှင့်၂၀၁၆ ခုနှစ်များ)အကြောင်း ဆွေးနွေးချက်

ကုလသမဂ္ဂသဘောတူညီမှု (၂၀၁၁နှင့်၂၀၁၆ခုနှစ်)နှစ်ပိုင်းလုံးသည် မသန်စွမ်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အရေးကို အာရုံစိုက်ထားပါသည်။

အပိုင်း ၁ တွင် မသန်စွမ်းသူများအခွင့်အရေး၊ ၎င်းတို့ကျောင်းတက်မှု၊ ပါဝင်မှုနှင့်အောင်မြင်မှုတို့အတွက် အစိုးရ ဆောင်ရွက်ရန်လိုအပ်သည့်အချက်များကို ဖော်ထုတ်ထားပါသည်။

အပိုင်း ၂ တွင် မသန်စွမ်းသူများ ပညာသင်ယူရေး၊ ပါဝင်ရေးနှင့်ပေါက်မြောက်အောင်မြင်ရေးတို့အတွက် အတားအဆီးများကို အထူးအာရုံစိုက်ထားပါသည်။ အရောင်ဖြင့်ပေါ်လွင်အောင်ပြထားသည့်စာပိုဒ်သည် အားလုံးအကျုံးဝင်သော၊ အရည်အသွေး ပြည့်ဝသော ပညာရေးအကြောင်း အသိပညာကင်းမဲ့မှုကြောင့် ဖြစ်လာမည့်ပြဿနာများကို အာရုံစိုက်စေပါသည်။

## ၄. အားလုံးအကျုံးဝင်ပညာရေးအတွက် မြန်မာဥပဒေနှင့်မူဝါဒများ

### လုပ်ဆောင်ချက် ၁၀.၆ - အားလုံးအကျုံးဝင်ပညာရေးအတွက် မြန်မာ ဥပဒေနှင့်မူဝါဒများ (၄၀ မိနစ်)

**အားလုံးအကျုံးဝင်ပညာရေး**အတွက် မြန်မာ**ဥပဒေနှင့် အဓိကမူဝါဒ**မှတ်တမ်းမှတ်ရာများရှိပါသည်။

၁. ပေးထားသည့်အောက်ပါလင့်ခ်များကိုဝင်ကြည့်ပြီး အားလုံးအကျုံးဝင်မှုဆိုင်ရာ မြန်မာဥပဒေနှင့်မူဝါဒများအကြောင်းစာကို **အမြန်ဖတ်**ပါ။

၂. ပညာသင်ကြားသူတစ်ဦးအနေဖြင့် မိမိ၏**လုပ်ငန်း**နှင့် ဥပဒေ၊ မူဝါဒတို့ **ဆက်စပ်ပုံ**ကိုတွေးပါ။ ဥပဒေနှင့် မူဝါဒတစ်ခုချင်းအတွက် **အဓိကအချက် တစ်ချက်၊ နှစ်ချက်**ရွေးချယ်ပါ။

**အားလုံးအကျုံးဝင် မြန်မာပညာရေး**



**အမျိုးသားပညာရေး ဥပဒေ (၂၀၁၄ ခုနှစ်)**

http://www.ilo.org/dyn/natlex/natlex4.detail?p_lang=en&p_isn=100492&p_country=MMR&p_count=100

**မသန်စွမ်းသူများ၏ အခွင့်အရေး ဥပဒေ (၂၀၁၅ခုနှစ်)**

http://www.ilo.org/dyn/natlex/natlex4.detail?p_lang=en&p_isn=100494&p_count=8&p_classification=08

**ကလေးသူငယ်အခွင့်အရေးများ ဆိုင်ရာ ဥပဒေ (၂၀၁၉ ခုနှစ်)**

http://www.myanmar-law-library.org/law-library/laws-and-regulations/laws/myanmar-laws-1988-until-now/national-league-for-democracy-2016/myanmar-laws-2019/pyidaungsu-hluttaw-law-no-22-2019-child-law-burmese.html

Microsoft Word - ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ.docx (myanmar-law-library.org)

**အဓိကမူဝါဒ**

**ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင် (၂၀၂၀ ခုနှစ်)**

Teacher Competency Standards Framework (TCSF) - Resource - EDC (moe.edu.mm)

Image Source: https://freesvg.org/burmaoutline2 (free)

**မှတ်ချက် -** အောက်ပါဆွေးနွေးချက်များတွင် အထက်ပါဥပဒေနှင့်မူဝါဒကောက်နုတ်ချက်များထည့်ထားပါသည်။ တစ်ခုချင်းမှ အဓိကအချက် တစ်ချက်နှစ်ချက်ကို အရောင်ချယ်ထားပါသည်။

## လုပ်ဆောင်ချက် ၁၀.၇ ဆွေးနွေးချက် - အားလုံးအကျုံးဝင်ပညာရေးအတွက် မြန်မာဥပဒေနှင့်မူဝါဒများ

**(အထက်ပါလုပ်ဆောင်ချက် ၁၀.၆ ရှိ) အောက်ပါမြန်မာဥပဒေနှစ်ရပ်နှင့်မူဝါဒကောက်နုတ်ချက်တွင်** ပင်မရည်ရွယ်ချက်နှင့် အဓိကအချက်များကိုအဝါရောင်ခြယ်ထားပါသည်။
မှတ်ချက် - တရားဝင်ဘာသာပြန်မဟုတ်ပါ။

### ဥပဒေ - အမျိုးသားပညာရေးဥပဒေ၊ ၂၀၁၄ ခုနှစ် (အခန်း ၈၊ အပိုဒ် ၄၅၊ ၄၈၊ ၄၉)

**အခန်း ၈ -** ပညာရေးဆိုင်ရာတာဝန်နှင့် အခွင့်အရေးများ

၄၅. မိဘ သို့မဟုတ် အုပ်ထိန်းသူသည် မိမိတို့၏ ကလေးများကို ကျောင်းနေအရွယ်တွင် နိုင်ငံတော်က သတ်မှတ်ထားသော အခမဲ့ မသင်မနေရပညာရေးကို သင်ကြားပေးရေးအတွက် သက်ဆိုင်ရာကျောင်းသို့ မဖြစ်မနေ ကျောင်းအပ်ရန်နှင့် ယင်းပညာရေး အဆင့်ပြီးမြောက်သည်အထိ သင်ယူစေရန် တာဝန်ရှိသည်။

၄၈. ရပ်ကွက် သို့မဟုတ် ကျေးရွာလူထုသည် မိမိရပ်ရွာဒေသရှိ ကလေးများကို မသင်မနေရ အခမဲ့ပညာရေးပြီးမြောက်သည် အထိ ဝိုင်းဝန်းကူညီပေးရမည်။

၄၉. ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များသည် -
(က) ပညာရေးနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေများနှင့်အညီ လမ်းညွှန်၊ ကူညီပံ့ပိုးရမည်။
(ခ) ကလေးတိုင်း သတ်မှတ်ထားသော အခမဲ့မသင်မနေရ ပညာရေးအဆင့်ပြီးမြောက်စေရန် ဦးတည်ဖော်ဆောင်ပေးရမည်။
(ဂ) ထူးချွန်သူများကို ထူးချွန်မှုအလိုက် ချီးမြှင့်သည့် အစီအမံများ ထားရှိရမည်။
(ဃ) ပညာထူးချွန်၍ ပညာသင်ယူရန် အခက်အခဲရှိသူများအတွက် ဆက်လက်သင်ယူနိုင်ရေးအစီအစဉ်ကို ဖော်ဆောင်ပေးရမည်။ ပြင်ပမှ ကူညီဆောင်ရွက်ခြင်းကို စိစစ်ခွင့်ပြုနိုင်သည်။

### ဥပဒေ - မသန်စွမ်းသူများ၏ အခွင့်အရေး ဥပဒေ၊ ၂၀၁၅ ခုနှစ် (အခန်း ၂)

ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မသန်စွမ်းသူများကိုပိုမို၍ကြည့်ရှုစောင့်ရှောက်နိုင်ရန်၊

(ခ) ကုလသမဂ္ဂမသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်းပါပြဋ္ဌာန်းချက်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊

(ဂ) နိုင်ငံသားများခံစားခွင့်ရှိသည့် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို မသန်စွမ်းသူအားလုံး တန်းတူညီမျှ အပြည့်အဝ ရရှိစေရန်၊

(ဃ) နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ပြည့်သူ့ရေးရာစသည့်နယ်ပယ်အသီးသီးတွင် အခြားသူများနှင့်တန်းတူ လူမှုအဖွဲ့အစည်းတွင် ပေါင်းစည်းပါဝင်နိုင်ရန်၊

(င) မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာ၊ စွမ်းရည်နှင့် စွမ်းဆောင်နိုင်မှုများကို နိုင်ငံတော်နှင့်နိုင်ငံသားတို့က အသိအမှတ်ပြုနိုင်ရန်၊

(စ) မသန်စွမ်းသူများ၏လူနေမှုဘဝ လုံခြုံစိတ်ချမှုရှိပြီး ဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရန်၊

(ဆ) မသန်စွမ်းသူများအား နယ်ပယ်အားလုံးတွင် နည်းမျိုးစုံဖြင့်ခွဲခြားဆက်ဆံမှုများလျော့နည်းပပျောက်စေရန်နှင့် ထိုသို့ ခွဲခြား ဆက်ဆံမှုများ မပြုစေရေးအတွက် ဥပဒေအရကာကွယ်ပေးရန်၊

(ဇ) မသန်စွမ်းသူများကို နိုင်ထက်စီးနင်းအကြမ်းဖက်ခံရမှု၊ အိမ်တွင်းအကြမ်းဖက်မှုအမျိုးမျိုးအပါအဝင်အလွဲသုံးခံရမှု၊ ခေါင်းပုံဖြတ်ခံရမှုများမှ ကာကွယ်ပေးရန်နှင့်မသန်စွမ်းသူအမျိုးသမီးနှင့်ကလေးများကို အထူးကာကွယ်ပေးရန်၊

(ဈ) မိဘမဲ့၊ခိုကိုးရာမဲ့နှင့် မသန်စွမ်းမှုတစ်ခုထက်ပို၍ခံစားနေရသော မသန်စွမ်းသူများကို မသန်စွမ်းမှုအမျိုးအစားအလိုက် နိုင်ငံတော်က အထူးစောင့်ရှောက်ကူညီပေးရန်၊

## မူဝါဒ - ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင် (TCSF) (၂၀၂၀ ခုနှစ်)

မြန်မာနိုင်ငံအနေဖြင့် အခြေခံပညာသင်ရိုးညွှန်းတမ်း ပြုပြင်ပြောင်းလဲခြင်း၊ စာသင်နှစ် ဖွဲ့စည်းပုံပြောင်းလဲခြင်း (သူငယ်တန်းမှ (၁၂)တန်းအထိ)တို့ဖြင့် ပညာရေးစနစ်၏အရည်အသွေးကို မြှင့်တင်နေသည့်အတွက် ဆရာများသည် မှန်ကန်သော တန်ဖိုးထားမှုများ၊ ကျွမ်းကျင်မှုများ၊ အသိပညာများနှင့် ထိရောက်စွာလက်တွေ့ဆောင်ရွက်သူများဖြစ်သည့် အရည်အချင်းပြည့်ဝမှုရှိသော ဆရာများဖြစ်ရန် လိုအပ်လာပါသည်။ ဤရည်မှန်းချက် ပေါက်မြောက်အောင်မြင်စေရန် မြန်မာနိုင်ငံအနေဖြင့် အရည်အချင်းပြည့်ဝအားကောင်းသော ဆရာအတတ်ပညာရေးစနစ် (လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်စဉ်ဆက်မပြတ်ပညာရေး) နှင့်အတူ ထိုစနစ်အား ပံ့ပိုးပေးသည့်အစီအစဉ်များ လိုအပ်လာပါသည်။ ထိုအစီအစဉ်များဖြင့် သင်ကြားမှုလုပ်ငန်းနှင့် ဆက်စပ်သည့် အတတ်ပညာပိုင်းဆိုင်ရာ အသိပညာ၊ နားလည်မှုနှင့် မျှော်မှန်းထားသော ဆရာတစ်ယောက်၏အခန်းကဏ္ဍ၊ တာဝန်ဝတ္တရားများ၊ သင်ကြားရေးလုပ်ငန်းစဉ် ကျွမ်းကျင်မှုများကို ပံ့ပိုးပေးနိုင်သည့် ဆရာအတတ်ပညာဆိုင်ရာနှင့် သက်ဆိုင်သော အခြေခံသဘောတရားများကို နားလည်သည့် ဘွဲ့ရများနှင့် အရည်အသွေးပြည့်ဝသောဆရာများကို မွေးထုတ်ပေးနိုင်မည် ဖြစ်ပါသည်။

ဆရာများအတွက်တတ်ကျွမ်းမှုစံသတ်မှတ်ချက်အညွှန်းဘောင်သည် အထက်ဖော်ပြပါ လိုအပ်ချက်များကို ဆရာများအတွက် ဖြည့်ဆည်းပေးနိုင်မည့် လမ်းညွှန်တစ်ခုဖြစ်ပြီး ဆရာများသိရှိရန်၊ ဆောင်ရွက်နိုင်ရန်လိုအပ်သည့်အရာများ၊ သင်ကြားရေးလုပ်ငန်းနှင့်ပတ်သက်၍ တတ်ကျွမ်းမှုအဆင့်အမျိုးမျိုး၌ မည်ကဲ့သို့ကောင်းစွာ ဆောင်ရွက်နိုင်မည်တို့ကို ပြည့်စုံစွာရှင်းလင်းဖော်ပြထားပါသည်။ ထို့အပြင် ဆရာအတတ်ပညာဖွံ့ဖြိုးတိုးတက်မှုတွင် တိုးတက်မှုများကို အချိန်ကာလအပိုင်းအခြားများအလိုက် တိုင်းတာမှတ်တမ်းတင်နိုင်ရန် စံများကိုသတ်မှတ်ပေးထားပါသည်။ ထိရောက်သော လက်တွေ့ဆောင်ရွက်ချက်များကို အသိအမှတ်ပြုချီးမြှင့်နိုင်ရန် အထောက်အပံ့ပေးသည့် နည်းလမ်းတစ်ခုအနေဖြင့် ဆန်းစစ်သုံးသပ်ချက်များနှင့် အကြံပြုသုံးသပ်ချက်များကို အသေအချာ အသုံးပြုနိုင်ရေးအတွက် ဖြစ်ပါသည်။

## ၅. အားလုံးအကျုံးဝင်ပညာရေးအရေးပါပုံ

**လုပ်ဆောင်ချက် ၁၀.၈ - အားလုံးအကျုံးဝင်ပညာရေးအရေးပါပုံ (ယခင်သင်ရိုးပိုင်းများကို ပြန်နွှေးခြင်း) ၁၅ မိနစ်**

ဗီဒီယိုကြည့်ပါ - **အားလုံးအကျုံးဝင်ပညာရေး-လက်ငင်းသာတူညီမျှမှု** (၁ မိနစ် ၅၃ စက္ကန့်)
အားလုံးအကျုံးဝင်သည့်ဆရာ/မ၊ စာသင်ခန်းနှင့်ကျောင်းများကို သင်ရိုးပိုင်း ၁ တွင်စူးစမ်းခဲ့စဉ်က ဤဗီဒီယိုကိုကြည့်ခဲ့ပါသည်။

မြန်မာနိုင်ငံပညာရေးအတွက် အားလုံးအကျုံးဝင်ပညာရေးအရေးကြီးကြောင်း **အနည်းဆုံးအချက်သုံးချက်ကို ဖော်ပြပါ။** မိမိအနေအထားတွင် အားလုံးအကျုံးဝင်ပညာရေးဖြစ်စေရန် မည်သည့်ကဏ္ဍမှ သင် ပါဝင်နေပါသနည်း။




https://www.youtube.com/watch?v=8HPh4RoV63s

**လုပ်ဆောင်ချက် ၁၀.၈ အဖြေ - အားလုံးအကျုံးဝင်ပညာရေးအရေးပါပုံ**

- ကလေးတိုင်း၏ အခြေခံအခွင့်အရေး
- အရည်အသွေးပြည့်ဝသောပညာရေးကို  လူတိုင်း ရရှိသည်
- ကလေးတိုင်း တက်ရောက်၊ပါဝင်၊ အောင်မြင်နိုင်သည်
- ခြားနားချက်များကို အတားအဆီးအဖြစ်သဘောမထားဘဲ တန်ဖိုးထားသည်
- တစ်ဦးချင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်
- လိမ္မာပါးနပ်သည့် ရင်းနှီးမြှုပ်နှံမှု
- အကျိုးဖြစ်ထွန်းသည့် လူ့အဖွဲ့အစည်း
- အလုပ်လက်မဲ့ လျော့ကျခြင်း
- စီးပွားရေးတိုးတက်မှု မြင့်မားခြင်း
- သွေးစည်းညီညွတ်သည့်လူ့ဘောင်

## ၆. မူဝါဒ၊ ဥပဒေနှင့် သင်ကြားရေးအလေ့အကျင့်တို့ကိုချိတ်ဆက်ခြင်း

ပညာသင်ကြားသူတစ်ဦးအနေဖြင့် စာသင်ခန်းတွင်းသင်ကြားရေးအပေါ်သက်ရောက်သည့် သက်ဆိုင်သောမူဝါဒ၊ ဥပဒေများ အကြောင်း မိမိ၏ ဆရာအတတ်သင် ကျောင်းသူ/သားများကိုသင်ကြားရန် တာဝန်ရှိပါမည်။ ဝေမျှရန်လိုအပ်သည့် အချက် အလက် မျိုးစုံအကြောင်းကို သေသေချာချာ တွေးတောနိုင်ရန် အောက်ပါလုပ်ဆောင်ချက်ကိုလုပ်ပါ။

### လုပ်ဆောင်ချက် ၁၀.၉ - မိမိအနေအထားတွင် ဆရာအတတ်သင်ကျောင်းသူ/သားများအား မူဝါဒနှင့် ဥပဒေအကြောင်းမိတ်ဆက်ခြင်း (၉၀ မိနစ်)

ဤလုပ်ဆောင်ချက်သည် (ဥပဒေနှင့်မူဝါဒ)သဘောတရားများကို အားလုံးအကျုံးဝင်မှုဆိုင်ရာ (ဆရာ/မတို့၏ စာသင်ခန်းတွင်း သင်ကြားမှု) အလေ့အကျင့်နှင့် ချိတ်ဆက်ပေးပါသည်။

**ရွေးချယ်လုပ်ဆောင်ရန်မှာ -အုပ်စုဖွဲ့ပြီး**

**၁. ပိုစတာလုပ်ရန်** - ဆရာအတတ်သင် ကျောင်းသူ/သားများအား (ဤသင်ရိုးပိုင်းတွင်ပါရှိသည့် သို့မဟုတ် မိမိအနေအထားနှင့် ဆက်စပ်သည့်) ဥပဒေ၊ မူဝါဒများကို မိတ်ဆက်ပေးသည့် ပိုစတာတစ်ချပ်လုပ်ပါ။ သင်ယူသူအမျိုးအမျိုး (အာရုံအထွေထွေ) အတွက် ရိုးရိုးရှင်းရှင်းနှင့် စိတ်ဝင်စားဖွယ်ကောင်းရပါမည်။ အတန်းတွင်း ကျောင်းသူ/သားများ၏ လိုအပ်ချက်အမျိုးမျိုး အကြောင်း တွေးပါ (အားလုံးအကျုံးဝင်မှု)။

**သို့မဟုတ်**

**၂. စိတ်ကူးပြမြေပုံဆွဲရန်** - အကောင်အထည်ဖော်ရန်အခက်အခဲကြောင့်၊ ဆရာ/မ၏မူဝါဒ ဖွင့်ဆိုချက်ကြောင့် အစရှိသော အကြောင်းရပ်များကြောင့် မူဝါဒများကို ကျောင်းနှင့် စာသင်ခန်းတွင် အသုံးမပြုလေ့ရှိကြောင်း စိတ်ကူးပြမြေပုံဆွဲပါ။ ဥပမာ သင်ကြားရေးသုံးဘာသာစကား မူဝါဒ

**သို့မဟုတ်**

**၃. မူဝါဒနှင့်ဥပဒေများကို ဆရာတတ်ကျွမ်းမှုစံသတ်မှတ်ချက်အညွှန်းဘောင်များ**(TCSF)**နှင့် ချိတ်ဆက်ရန်** - မိမိ စိတ်ကြိုက်ရွေးချယ်လုပ်ဆောင်နိုင်သည်။ သင်ယူသူအမျိုးအမျိုး(အာရုံအထွေထွေ)အတွက် ရိုးရိုးရှင်းရှင်းနှင့် စိတ်ဝင်စားဖွယ် ကောင်းရပါမည်။ အတန်းတွင်းကျောင်းသူ/သားများ၏ လိုအပ်ချက်အမျိုးမျိုးအကြောင်း တွေးပါ (အားလုံးအကျုံးဝင်မှု)။

**စတင်မလုပ်ဆောင်မီ** - (မိမိအတွေးအမြင်ကို စိတ်ကူးပြမြေပုံ သို့မဟုတ် စာရင်းအသွင်ဖြင့် ကြိုထုတ်ကာ)ပြင်ဆင်နိုင်ပါသည်။ အောက်ပါတို့ကိုစဉ်းစားပါ။

က. မည်သည်တို့ပါဝင်ပါမည်နည်း။

ခ. မည်သည့်အရုပ်/ပုံများသုံးပါမည်နည်း။

Funded by: UKaid

Towards Results in Education & English

## ၇. လုပ်ဆောင်မှုသုတေသနအတွက် စိတ်ကူးများ

သင်ရိုးပိုင်း ၆ တွင် အားလုံးအကျုံးဝင်သင်ကြားရေးအလေ့အကျင့်ဖော်ဆောင်နိုင်ရေး အသေးစားသုတေသနလုပ်ရန် မိတ်ဆက်ပေးခဲ့ပါသည်။

အောက်ပါဇယားတွင် လုပ်ဆောင်မှုသုတေသနလည်ပတ်ပုံကို ပြထားပါသည်။

၁) မေးခွန်းကို သတ်မှတ်ပုံ


၂) ၎င်းမေးခွန်းကိုဖြေဆိုရန် စီစဉ်ပုံ

၃) သင်ကြားမှုကို ကြည့်ရှုလေ့လာပုံ

၄) ကြည့်ရှုလေ့လာမှု ရလာသောအချက်အလက်များကို ပြန်လှန်သုံးသပ်ပုံ

၅) သင်ကြားမှုကို ပိုမိုကောင်းမွန်တိုးတက်အောင်စီစဉ်ပုံ

မိမိအတန်းတွင်းမေးခွန်းထုတ်ရန် ပိုမိုစိတ်ချလာသည့်တိုင် စက်ဝန်းလည်ပတ်ပါမည်။




### အကြံပြုချက်

မူဝါဒ၊ ဥပဒေနှင့်အလေ့အကျင့်အကြောင်း မိတ်ဆက်သင်ကြားပေးခြင်းကို ပိုမိုကောင်းမွန်စေရန် မေးနိုင်သည်များကို အောက်ပါ မေးခွန်းနှစ်ခုမှ သာဓကဆောင်/အကြံပြုထားပါသည်။ နောက်ထပ်မေးခွန်းများစွာ မေးနိုင်ပါသေးသည်။

က) ကျောင်းသူကျောင်းသားများကို အားလုံးအကျုံးဝင်မှုနှင့် ဆက်နွယ်သည့် ဥပဒေ၊ မူဝါဒ၊ အလေ့အကျင့်များအကြောင်း မည်သည့်နည်းဖြင့် သင်ကြားရန် အကောင်းဆုံးဖြစ်ပါသနည်း။

ခ) အားလုံးအကျုံးဝင်မှုနှင့် ဆက်နွယ်သည့် ဥပဒေ၊ မူဝါဒ၊ အလေ့အကျင့်များအကြောင်းကို မိမိလုပ်ငန်းစဉ် မည်သည့်နေရာတွင် သင်ယူသူများအား မိတ်ဆက်ပေးရန် သင့်တော်ပါမည်နည်း။

## ၈. နိဂုံး

ဤသင်ရိုးပိုင်းတွင်အောက်ပါတို့ကိုလုပ်ဆောင်ခဲ့ပါသည်။

၁. မြန်မာနိုင်ငံပညာရေးတွင်အားလုံးအကျုံးဝင်မှုအကောင်အထည်ဖော်ရာတွင်မည်သည့်ဥပဒေနှင့်မူဝါဒများက ပံ့ပိုးပေးနိုင်ကြောင်း ဖော်ထုတ်ခြင်း

၂. မြန်မာနိုင်ငံပညာရေးတွင်အားလုံးအကျုံးဝင်မှုနှင့်စပ်လျဉ်း၍ နိုင်ငံတကာနှင့်နိုင်ငံတွင်း မူဝါဒ၊ ဥပဒေများရှိ သက်ဆိုင်သည့် အပိုင်းများကို အကျဉ်းတင်ပြခြင်း။

၃. ဆရာ/မတို့လုပ်ငန်းနှင့် မူဝါဒ၊ ဥပဒေတို့ဆက်စပ်ပုံကိုအနှစ်ချုပ်ခြင်း

Implemented by: BRITISH COUNCIL, The Open University, VSO, montrose

**ဤသင်ရိုးပိုင်းမှအဓိကအချက်များ**

- ကမ္ဘာ့နိုင်ငံ ၁၉၃ နိုင်ငံတွင် ပညာရေးတိုးတက်မှုအတွက် ကုလသမဂ္ဂက နိုင်ငံတကာတွင် ဦးဆောင်မှုကဏ္ဍမှ ပါဝင်ခဲ့ပါသည်။
- စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင် (SDG 4)နှင့် မသန်စွမ်းသူများအခွင့်အရေးသဘောတူညီချက် (၂၀၁၁/ ၂၀၁၆)တို့မှာ နိုင်ငံတကာတွင်အဓိကတွန်းအားများဖြစ်ပါသည်။
- သင်ယူသူအားလုံး၏အခွင့်အရေးကိုဖြည့်ဆည်းပေးရာတွင် အားလုံးအကျုံးဝင်ပညာရေးက ပဓာနကျပါသည်။
- နိုင်ငံတစ်ဝန်းတွင် အားလုံးအကျုံးဝင်ပညာရေးအတွက် နိုင်ငံတကာလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် မြန်မာ ဥပဒေ သုံးရပ်နှင့် မူဝါဒတစ်ခုတို့ရှိပါသည်။
- ဆရာတတ်ကျွမ်းမှုစံသတ်မှတ်ချက်အညွှန်းဘောင် (၂၀၂၀)သည် မူဝါဒနှင့်ဥပဒေများကို ပညာသင်ကြားသူများအတွက် အဓိပ္ပါယ်ရှိပြီး 'လက်တွေ့ကျသော'အစီအစဉ်တစ်ရပ်အဖြစ် လိုက်လျောညီထွေပြောင်းလဲပေးပါသည်။

**ပြန်လည်သုံးသပ်ချက်**

- နိုင်ငံများစွာသည် ၎င်းတို့၏ပညာရေးအရည်အသွေးကို နိုင်ငံတကာမူဝါဒ၊ ဥပဒေများနှင့်ချိတ်ဆက်လျက် ပိုမိုကောင်းမွန် တိုးတက်စေရန် အားထုတ်နေကြကြောင်း သင် သိပါသလား။
- ကမ္ဘာတစ်ဝန်းတွင် သန်းနှင့်ချီသည့်ဆရာ/မများက သင်နှင့်အလားတူ အားလုံးအကျုံးဝင်သင်ကြားရေးကို ပိုမိုကောင်းမွန် တိုးတက်စေရန် ကြိုးပမ်းနေကြောင်း သတိချပ်ရန် အရေးကြီးပါသည်။
- ကုလသမဂ္ဂမူဝါဒ၊ ဥပဒေများမှအစ မိမိ၏ ကျောင်း/ဆရာအတတ်သင်ကောလိပ်မှ ဆရာတတ်ကျွမ်းမှုစံသတ်မှတ်ချက် အညွှန်းဘောင်အဆုံး စဉ်းစားပါ။
- စာသင်ခန်းတွင်း မိမိ၏သင်ကြားရေးအလေ့အကျင့်ကို မည်သည်တို့က တွန်းအားပေးကြောင်း သတိမူရန် အဘယ်ကြောင့် အရေးကြီးပါသနည်း။
- မိမိ၏ ပိုမိုကောင်းမွန်တိုးတက်လာသော အားလုံးအကျုံးအဝင်အလေ့အကျင့်သည် သင့်တပည့်များနှင့်၎င်းတို့မိသားစုအပေါ် မည်သို့ သက်ရောက်ပါမည်နည်း။

## ၉. သင်ကြားသင်ယူရေးကို ပိုမိုကောင်းမွန်တိုးတက်စေခြင်း

**လုပ်ဆောင်ချက် ၁၀.၁၀ - ပြန်လည်သုံးသပ်ချက် (၁၅ မိနစ်)**

သင်ယူမှုဂျာနယ်တွင် အောက်ပါမေးခွန်းများကို အချိန်ယူပြီး သုံးသပ်ပါ။ နှစ်ယောက်တွဲဆွေးနွေးရန် (သို့) တစ်ဦးချင်းသီးသန့် အကျိုးရှိရှိ ပြန်လည်သုံးသပ်နိုင်ပါသည်။

- အားလုံးအကျုံးဝင်ပညာရေးအကြောင်း နိုင်ငံတကာ/နိုင်ငံတွင်းဥပဒေများကို ကလေး/လူငယ်များအား သင် မည်သို့ **သင်ကြား**ပေးနိုင်ပါမည်နည်း။
- သင်ရိုးညွှန်းတမ်း မည်သည့်နေရာတွင် ဤအကြောင်းအရာကို မိတ်ဆက်ပါမည်နည်း။
- ဤမေးခွန်းများကို သင်ရိုးပိုင်းအဆုံး မိမိကိုယ်မိမိစစ်ဆေးမှုတွင်ပြန်ကြည့်ကာ အတွေးအမြင်အချို့ကို အသုံးပြု နိုင်ပါသည်။

## ၁၀. သင်ရိုးပိုင်းအဆုံးသတ်ပဟေဠိ

အောက်ပါမေးခွန်းများကို သင်ယူမှုဂျာနယ်တွင်ဖြေကြားပါ။ ရာနှုန်းပြည့် အောင်မြင်ရန် ကြိုက်သလောက် အကြိမ်ရေများများ ဖြေဆိုနိုင်ပါသည်။ အချို့မေးခွန်းအတွက်အဖြေတစ်ခုထက်ပိုပါသည်။

မေးခွန်း ၁ - ဥပဒေဟူသည်မှာ

က) ကျောင်းမှဝန်ထမ်းများလိုက်နာရန် ရေးသားထားသည်။

ခ) လျစ်လျူရှုနိုင်သည်။

ဂ) မူဝါဒကိုအကောင်အထည်ဖော်ရန် ဥပဒေဘောင်ချမှတ်ပေးသည်။

ဃ) ရိုးရာယဉ်ကျေးမှုနှင့် ဆက်စပ်သည်။

မေးခွန်း ၂ - မူဝါဒဟူသည်မှာ

က) ဥပဒေအပေါ်အမြင်မျိုးမျိုးရှိသည်။

ခ) တစ်ဦးတစ်ယောက် (သို့) အဖွဲ့အစည်းတစ်ခု (ဥပမာအစိုးရ)၏ ရည်ရွယ်ချက်ကို ညွှန်းဆိုသည်။ ၎င်းတို့မှ လုပ်ဆောင်ရန် စီစဉ်ထားသည်များကိုပြောထားသည်။

ဂ) ဥပဒေဖြစ်သည်

ဃ) ဆရာ/မသင်ကြားရန် နမူနာများပေးသည်။

မေးခွန်း ၃ - အတိုကောက်စကားလုံး SDG ၏အဓိပ္ပါယ်မှာ

က)သိသိသာသာတည်တံ့မည့်တိုးတက်မှုပန်းတိုင်

ခ) ရေရှည်တည်တံ့မည့်တိုးတက်ရရှိမှု

ဂ) စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်

ဃ) တိကျသောဖွံ့ဖြိုးရေးပန်းတိုင် ဟူ၍ဖြစ်သည်။

မေးခွန်း ၄ - (ဥပဒေ၊ မူဝါဒများနှင့်ချိတ်ဆက်နေသည့်)အလေ့အကျင့်ဟူသည်မှာ

က) မှန်သည့်တိုင်အောင်ဆက်လုပ်ခြင်းဖြစ်သည်။

ခ) (ကျောင်း/စာသင်ခန်းတွင်) အတွေးအမြင်၊ မူဝါဒ၊ ဥပဒေတို့ကို လက်တွေ့အသုံးချခြင်းဖြစ်သည်။

ဂ) ဥပဒေကုမ္ပဏီ၏အမည်ဖြစ်သည်။

မေးခွန်း ၅ - မည်သည့် SDG က ပညာရေးနှင့်သီးသန့်ချိတ်ဆက်ထားပါသနည်း။

က) SDG ၁

ခ) SDG ၅

ဂ) SDG ၁၀

ဃ) SDG ၄

မေးခွန်း ၆ - မည်သည့် နိုင်ငံတကာ မူဝါဒနှင့်ဥပဒေက ကမ္ဘာတစ်ဝန်း အားလုံးအကျုံးဝင်အလေ့အကျင့်ကို သက်ရောက်ပါသနည်း။ (၃ ခု ရွေးပါ)

က) ဂျီနီဗာသဘောတူညီချက် ၁၉၄၉

ခ) ကုလသမဂ္ဂမသန်စွမ်းသူအခွင့်အရေးသဘောတူညီချက် (၂၀၁၆)

ဂ) မြန်မာ အမျိုးသားပညာရေးဥပဒေ (၂၀၁၄)

ဃ) စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်

င) ကုလသမဂ္ဂမသန်စွမ်းသူအခွင့်အရေးသဘောတူညီချက်  (၂၀၁၁)

မေးခွန်း ၇ - မြန်မာနိုင်ငံပညာရေးတွင် အားလုံးအကျုံးဝင်မှုအလေ့အကျင့်အပေါ် မည်သည့် နိုင်ငံတွင်းဥပဒေသုံးခုနှင့်မူဝါဒ တစ်ရပ်က သက်ရောက်ပါသနည်း။ (၄-ခုရွေးပါ)

က) မြန်မာနိုင်ငံတကာပညာရေးဥပဒေ (၂၀၁၄)

ခ) ဂျီနီဗာသဘောတူညီချက် (၁၉၄၉)

ဂ) မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ (၂၀၁၅)

ဃ) အမျိုးသားပညာရေးဥပဒေ (၂၀၁၄)

င) ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ (၂၀၁၉)

စ) ဆရာတတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင် (၂၀၂၀) ဥပဒေ

## သင်ရိုးပိုင်း ၉ အဆုံးသတ်ပဟေဋ္ဌိ အဖြေ

အဖြေကို**စာလုံးအမည်းရင့်**ဖြင့်ပေးထားသည်။

မေးခွန်း ၁ - ဥပဒေဟူသည်မှာ

က) ကျောင်းမှဝန်ထမ်းများလိုက်နာရန် ရေးသားထားသည်။

ခ) လျစ်လျူရှုနိုင်သည်။

**ဂ) မူဝါဒကိုအကောင်အထည်ဖော်ရန် ဥပဒေဘောင်ချမှတ်ပေးသည်။**

ဃ) ရိုးရာယဉ်ကျေးမှုနှင့် ဆက်စပ်သည်။

**ရှင်းလင်းချက်** - လူအများ၏ လုပ်ရပ်ကို ထိန်းညှိပေးသည့် စည်းကမ်းများပါသည့်စနစ်တစ်ရပ်အဖြစ် နိုင်ငံတစ်နိုင်ငံ လူ့အဖွဲ့အစည်းတစ်ခုက သိနားလည်ထားပြီး ပြစ်ဒဏ်ပေးခြင်းဖြင့် အတည်ပြုအသက်ဝင်စေသည်။

မေးခွန်း ၂ - မူဝါဒဟူသည်မှာ

က) ဥပဒေအပေါ်အမြင်မျိုးမျိုးရှိသည်။

**ခ) တစ်ဦးတစ်ယောက် (သို့) အဖွဲ့အစည်းတစ်ခု (ဥပမာအစိုးရ)၏ ရည်ရွယ်ချက်ကို ညွှန်းဆိုသည်။ ၎င်းတို့မှ လုပ်ဆောင်ရန် စီစဉ်ထားသည်များကိုပြောထားသည်။**

ဂ) ဥပဒေဖြစ်သည်

ဃ) ဆရာ/မသင်ကြားရန် နမူနာများပေးသည်။

**ရှင်းလင်းချက်** - အဖွဲ့အစည်း/အစိုးရက လုပ်ဆောင်မည့်အစီအစဉ်နှင့်လုပ်ဆောင်ပုံဖြစ်သည်။

မေးခွန်း ၃ - အတိုကောက်စကားလုံး SDG ၏အဓိပ္ပါယ်မှာ

က)သိသိသာသာတည်တံ့မည့်တိုးတက်မှုပန်းတိုင်

ခ) ရေရှည်တည်တံ့မည့်တိုးတက်ရရှိမှု

**ဂ) စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်**

ဃ) တိကျသောဖွံ့ဖြိုးရေးပန်းတိုင် ဟူ၍ဖြစ်သည်။

**ရှင်းလင်းချက်** – အထူးသဖြင့် SGD ၄ ကဲ့သို့သော စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင် ၁၇ ရပ်ကို နိုင်ငံပေါင်း ၁၉၃ နိုင်ငံကလိုက်နာပြီး ကမ္ဘာတစ်ဝန်းပညာရေးတိုးတက်မှု ဦးတည်ချက်များအတွက်အခြေခံရည်မှန်းချက်ဖြစ်သည်။

မေးခွန်း ၄ - (ဥပဒေ၊ မူဝါဒများနှင့်ချိတ်ဆက်နေသည့်)အလေ့အကျင့်ဟူသည်မှာ

က) မှန်သည့်တိုင်အောင်ဆက်လုပ်ခြင်းဖြစ်သည်။

**ခ) (ကျောင်း/စာသင်ခန်းတွင်) အတွေးအမြင်၊ မူဝါဒ၊ ဥပဒေတို့ကို လက်တွေ့အသုံးချခြင်းဖြစ်သည်။**

ဂ) ဥပဒေကုမ္ပဏီ၏အမည်ဖြစ်သည်။

**ရှင်းလင်းချက်** – အဖွဲ့အစည်း/အစိုးအရတစ်ရပ်သည် လုပ်ဆောင်လိုသည်ကို မူဝါဒကအစီအစဉ်ချမှတ်ပေးသည်။ အလေ့အကျင့်မှာ လုပ်ဆောင်ပုံဖြစ်သည်။ သာဓကများကို ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက် အညွှန်းဘောင်နှင့် ချိတ်ဆက်ထားသော မြန်မာ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (NESP) (၂၀၁၁-၂၀၁၆)တွင် တွေ့နိုင်ပါသည်။

မေးခွန်း ၅ - မည်သည့် SDG က ပညာရေးနှင့်သီးသန့်ချိတ်ဆက်ထားပါသနည်း။

က) SDG ၁

ခ) SDG ၅

ဂ) SDG ၁၀

**ဃ) SDG ၄**

**ရှင်းလင်းချက် –** စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင် ၄ မှာ နိုင်ငံတကာပညာရေး အရည်အသွေး တိုးတက်ကောင်းမွန်ရေးနှင့် အထူးချိတ်ဆက်ထားသည်။

မေးခွန်း ၆ - မည်သည့် နိုင်ငံတကာ မူဝါဒနှင့်ဥပဒေက ကမ္ဘာတစ်ဝန်း အားလုံးအကျုံးဝင်အလေ့အကျင့်ကို သက်ရောက်ပါသနည်း။ (၃ ခု ရွေးပါ)

က) ဂျီနီဗာသဘောတူညီချက် ၁၉၄၉

**ခ) ကုလသမဂ္ဂမသန်စွမ်းသူအခွင့်အရေးသဘောတူညီချက် (၂၀၁၆)**

ဂ) မြန်မာ အမျိုးသားပညာရေးဥပဒေ (၂၀၁၄)

**ဃ) စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်**

**င) ကုလသမဂ္ဂမသန်စွမ်းသူအခွင့်အရေးသဘောတူညီချက် (၂၀၁၁)**

**ရှင်းလင်းချက်** – ၁၉၄၉ ခုနှစ် ဂျီနီဗာသဘောတူညီချက်သည် ဖမ်းမိထားသော၊ ဒဏ်ရာရထားသော စစ်သားများကိုဆက်ဆံပုံနှင့် သက်ဆိုင်ပါသည်။ မြန်မာအမျိုးသားပညာရေးဥပဒေ(၂၀၁၄)သည် နိုင်ငံတကာဥပဒေမဟုတ်၊ နိုင်ငံတွင်းဥပဒေမျှသာဖြစ်ပါသည်။

မေးခွန်း ၇ - မြန်မာနိုင်ငံပညာရေးတွင် အားလုံးအကျုံးဝင်မှုအလေ့အကျင့်အပေါ် မည်သည့် နိုင်ငံတွင်းဥပဒေသုံးခုနှင့်မူဝါဒ တစ်ရပ်က သက်ရောက်ပါသနည်း။ (၄-ခုရွေးပါ)

က) မြန်မာ့နိုင်ငံတကာပညာရေးဥပဒေ (၂၀၁၄)

ခ) ဂျီနီဗာသဘောတူညီချက် (၁၉၄၉)

**ဂ) မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ (၂၀၁၅)**

**ဃ) အမျိုးသားပညာရေးဥပဒေ (၂၀၁၄)**

**င) ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ (၂၀၁၉)**

**စ) ဆရာတတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင် (၂၀၂၀) ဥပဒေ**

**ရှင်းလင်းချက် –** မြန်မာ့နိုင်ငံတကာပညာရေးဥပဒေ(၂၀၁၄)မှာ ဥပဒေမဟုတ်ဘဲ 'နိုင်ငံတကာ'လည်းမပါဝင်ရပါ။ ၁၉၄၉ ခုနှစ် ဂျီနီဗာ သဘောတူညီချက် မှာ ဖမ်းမိထားသော၊ ဒဏ်ရာရထားသော စစ်သားများကိုဆက်ဆံပုံနှင့် သက်ဆိုင်ပါသည်။ ကျန်လေးခုမှာ မြန်မာနှင့်သက်ဆိုင်ပြီး နိုင်ငံတကာဥပဒေကို အခြေပြုထားပါသည်။

## လုပ်ဆောင်ချက် ၁၀.၁၁ - မိမိကိုယ်မိမိစစ်ဆေးအကဲဖြတ်ခြင်း

ပြန်လည်သုံးသပ်ချက် - **မိမိကျောင်း/စာသင်ခန်းတွင် အားလုံးအကျုံးဝင်မှုအပေါ်သက်ရောက်သည့် နိုင်ငံတကာ/နိုင်ငံတွင်း ဥပဒေနှင့်မူဝါဒများအကြောင်းမည်မျှကောင်းကောင်း သိနားလည်ပါသနည်း။** အောက်ပါစကေးမှ မိမိကို အကောင်းဆုံး ဖော်ပြသည့် ကိန်းဂဏန်းတစ်ခုကိုရွေးပါ။ သင်ယူမှုဂျာနယ်တွင်ဖြေဆိုပါ။

| သိပ်မသိပါ | 1 | 2 | 3 | 4 | 5 | 6 | 7 | 8 | 9 | 10 | ကောင်းကောင်းသိပါသည် |
|---|---|---|---|---|---|---|---|---|---|---|---|

သင်ရိုးပိုင်းအစ စစ်ဆေးမှုရမှတ်နှင့် ယခုရမှတ်ကို**နှိုင်းယှဉ်**ပါ။ သင်ယူမှုဂျာနယ်တွင် ခြားနားချက်များကို သုံးသပ်ချက်အတိုရေးပါ။

# မိမိ၏ကျောင်းသူ/သားများအတွက် ဒဿမကတိ

1 **စီစဉ်ပါ**

စာသင်ခန်းအတွင်း ဤသင်ရိုးပိုင်းမှ မိမိသုံးမည့် အားလုံးအကျုံးဝင် အလေ့အကျင့် အတွေးအမြင်တစ်ခုအကြောင်းကို **စဉ်းစားပါ**။

2 **လုပ်ဆောင်ပါ**

အားလုံးအကျုံးဝင်အလေ့အကျင့်ကို နောက် 'x'အပတ်အတွင်း တိုးတက်အောင်လုပ်မည်ဟု မိမိ၏ကျောင်းသူ/သားများကို **ကတိပေးပါ**။

3 **ပြန်လှန်သုံးသပ်ပါ**

'x' အပတ်အတွင်း မိမိ၏အတွေးအမြင်များကြောင့် အလေ့အကျင့် တိုးတက်လာခြင်း ရှိမရှိ ကျောင်းသူ/သားနှင့်အတူ **သုံးသပ်အကဲဖြတ်ပါ**။

**သင်ယူမှုဂျာနယ်ရှိ ‘ကတိများ’အပိုင်းတွင် သင့်ဒဿမကတိကိုထည့်လိုက်ပါ။**

**သင်ရိုးပိုင်းတစ်ပိုင်းစီတွင် ကျောင်းသူကျောင်းသားများထံပေးသည့် ကတိတစ်ခုစီရှိပါမည်။ စုစုပေါင်း ကတိ ၁၅ ခု ပေးရပါမည်။**

# ကျမ်းကိုး


UN Convention on the Rights of Person with Disabilities  (2011) Article 24
https://www.un.org/development/desa/disabilities/convention-on-the-rights-of-persons-with-disabilities/article-24-education.html

UN Convention on the Rights of Person with Disabilities  : General comment (2016) Number  4
https://www.right-to-education.org/sites/right-to-education.org/files/resource-attachments/CRPD_General_Comment_4_Inclusive_Education_2016_En.pdf

UN Convention on the Rights of the Child (1990) Article 49
https://ohchr.org/Documents/ProfessionalInterest/crc.pdf

National Education Law (2014)
http://www.ilo.org/dyn/natlex/natlex4.detail?p_lang=en&p_isn=100492&p_country=MMR&p_count=100

National Disability Law (2015)
http://www.ilo.org/dyn/natlex/natlex4.detail?p_lang=en&p_isn=100494&p_count=8&p_classification=08

National Education Strategic Plan (2016-2021)
https://www.britishcouncil.org/sites/default/files/myanmar_national_education_strategic_plan_2016-21.pdf

UN Sustainable Development Goal 4 NB 4.5

English: https://sdg4education2030.org/the-goal

Mynamar: https://www.mm.undp.org/content/myanmar/my/home/sustainable-development-goals/goal-4-quality-education.html